အမွန်မြတ်ဆုံး ဇိက်ရ်တော်မှာ ‘လာအိလာဟ အိလ္လလ္လာဟ်’
ဖြစ်ပြီး အမွန်မြတ်ဆုံး ဒုအာဆုမွန်မှာ ‘အလ်ဟမ်ဒု
လိလ္လာဟ်’ ဖြစ်သည်။
ဂျာဗိရ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို
ကြားသိခဲ့သည်။ အမွန်မြတ်ဆုံး ဇိက်ရ်တော်မှာ ‘လာအိလာဟ အိလ္လလ္လာဟ်’ ဖြစ်ပြီး
အမွန်မြတ်ဆုံး ဒုအာဆုမွန်မှာ ‘အလ်ဟမ်ဒု လိလ္လာဟ်’ ဖြစ်သည်။
[ဤဟဒီးဆ်သည် ဟစန်အဆင့်ရှိသည်။]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစ္စလာမ်)က “အမွန်မြတ်ဆုံး ဇိက်ရ်တော်မှာ
‘လာအိလာဟ အိလ္လလ္လာဟ်’ ဖြစ်သည်”ဟု မိန့်ကြားတော်မူခဲ့သည်။ ထိုကလိမဟ်တော်၏
အဓိပ္ပါယ်မှာ - အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းခံထိုက်သောအရှင်မရှိ ဟူ၍
ဖြစ်သည်။ ထို့အတူ “အမွန်မြတ်ဆုံး ဒုအာဆုမွန်မှာ ‘အလ်ဟမ်ဒု လိလ္လာဟ်’ ဖြစ်သည်”ဟု
မိန့်ကြားတော်မူခဲ့သည်။ ဤသည် လှပပြည့်စုံသည့် ဂုဏ်တော်အပါင်းကို
ပိုင်ဆိုင်တော်မူသော၊ ချွတ်ယွင်းမှုအပေါင်းမှ ကင်းစင်တော်မူသော
အလ္လာဟ်အရှင်မြတ်သာလျှင် နိအ်မသ် စည်းစိမ်များကို
ချီးမြှင့်တော်မူသောအရှင်ဖြစ်ကြောင်း ဝန်ခံပြောကြားခြင်းဖြစ်သည်။
https://sunnah.global/hadeeth/my/show/3567